# စိတ်ယဉ်ကျေးမှု



အရှင်ဉာဏိကာဘိဝံသ

အရင်က ဂျပန်ဘုန်းတော်ကြီး နစ်ချီဒတ်ဆု ဖူဂျီရဲ့ နွေဦး(Spring) ဆိုတဲ့ စာတိုလေးကို ဘာသာပြန်ကာ ဆောင်းပါးတစ်ပုဒ်ထဲမှာ သုံးဖူးတယ်။ နစ်ချီဒတ်ဆုက ကမ္ဘာတလွှားမှာ ငြိမ်းချမ်းရေး ဘုရားစေတီတွေကို ဦးဆောင်တည်ခဲ့သူ။ သူဦးဆောင်တည်ခဲ့တဲ့ ဘုရားတွေ ကမ္ဘာအရပ်ရပ်မှာ ရှစ်ဆယ်ကျော်ရှိနေပြီ ရယ်လို့ သိရပါတယ်။ လန်ဒန်နဲ့ နယူးယောက်မှာရှိတဲ့ စေတီနှစ်ဆူဆီကိုတော့ ရောက်ခဲ့ပြီးပြီ။ ငြိမ်းချမ်းရေးမြတ်နိုးသူမို့ ငြိမ်းချမ်းရေးဆိုတဲ့အသံကြားရင် ကိုယ်ကလည်း မချဉ်းကပ်ပဲ မနေနိုင်အောင်ဖြစ်တတ်သူ။ ဒါကြောင့် ငြိမ်းချမ်းရေးစေတီရှိရာတွေဆီ အရောက်သွားဖြစ်ခဲ့တယ်။ ငြိမ်းချမ်းတိတ်ဆိတ်တဲ့ နေရာများမှာ ငြိမ်းခြင်းမှု အမှတ်တရ စေတီများဆီကနေ လွင့်ပျံထင်ဟပ်လာတဲ့ ငြိမ်းချမ်းရေးလှိုင်းက ဖူးမြင်သူ ကိုယ့်ဆီကို ကူးစက်လာသလို ကောင်းကောင်းခံစားခဲ့ရပါတယ်။

စေတီဘုရားတွေ အမြောက်အများရှိပြီးသားနေရာတွေမှာ ဘုရားအဆူဆူ ထပ်ကာထပ်ကာ တည်နေခြင်းကို အားမပေးလိုပေမယ့် စေတီပုထိုး မရှိသေးတဲ့နေရာတွေမှာ ခုလိုငြိမ်းချမ်းရေးစေတီတွေကို ခက်ခက်ခဲခဲ ကြိုးစားကာ တည်ဆောက်တာမျိုးကိုတော့ ချီးကျူးအားပေးချင်ပါတယ်။ ဒါကြောင့်လည်း နစ်ချီဒတ်ဆုနဲ့ ဆက်စပ်တဲ့အကြောင်း ပိုမိုသိရအောင် စူးစမ်းမိတော့ သူပြောခဲ့တာတွေထဲက အများအတွက် အကျိုးရှိမယ့် စကားလေးတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ကမ္ဘာတလွှားမှာ ဘုရားအဆူဆူ တော်တော်များများကို တည်ထားခဲ့ပေမယ့် သူပြောတဲ့စကားကတော့ များများစားစား မရှိခဲ့ပါဘူး။ ကိုယ်ကပဲ တွေ့အောင် မရှာနိုင်ခဲ့တာလား၊ သူကပဲ များများ မပြောခဲ့တာလား၊ မှတ်တမ်း တင်သူတွေကပဲ များများ မတင်ခဲ့တာလားတော့လည်း မသိဘူးပေါ့။

သူပြောသမျှစကားရဲ့ ကိုယ့်တွေ့သမျှ အနည်းငယ်ထဲက ကိုယ်နှစ်သက်တဲ့ စကားလေးအချို့ကို ကြိုးစားပြီး ဘာသာပြန်လိုက်ပါတယ်။ ဒီစကားလေးကို ၁၉၇၆ ခုနှစ်က နယူးယောက်မြို့ ခရစ်ယန်ဘုရားကျောင်းတစ်ခုမှာ ပြောခဲ့တာပါ။ စာဖတ်သူအနေနဲ့တော့ သဘောတူတာလည်း ရှိမယ်၊ မတူတာလည်းပဲ ရှိကောင်း ရှိနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ အသုံးချတတ်မယ်ဆိုလျှင်ဖြင့် အသုံးကျမယ်ဆိုတာကိုတော့ လေးလေးနက်နက် ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ဘာသာပြန်ဖြစ်တာပါ။ ဖတ်ကြည့်ပါဦး။ ။

ငွေကြေးနဲ့တည်ဆောက်ထားတဲ့ ဒီနေ့ခေတ်ရဲ့ ယဉ်ကျေးမှုက လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေပါတယ်။ ခေတ်သစ်လူ့ယဉ်ကျေးမှုဆိုတာ လူသားတို့ချမ်းသာကြွယ်ဝရေးကို ဦးစားပေးရမယ့်အစား နျူကလီးယားဗုံးတွေ၊ ဒုံးတွေထုပ်လုပ်ခြင်းနဲ့ ငွေကြေးပိုမိုချမ်းသာလာအောင် စုဆောင်းခြင်းကိုသာ ဖြစ်ပေါ်စေပါတယ်။ရှိသမျှ အရင်းအနှီးခွန်အားကိုလည်း လူသတ်လက်နက်တွေ စုဆောင်းရေးမှာသာ လျင်ရင်းနှီးမြှုပ်နှံနေကြပါတယ်။ တကယ်တော့ လူသတ်လက်နက်တွေဟာ လူသားတွေ အသက်ရှင် နေထိုင်နိုင်ရေးအတွက်၊ တိုင်းနိုင်ငံတွေ ရပ်တည်နေနိုင်ဖို့အတွက် အဓိကကျတဲ့ မရှိမဖြစ် လိုအပ်ချက်တွေ မဟုတ်ပါဘူး။ ဒီလူသတ်လက်နက်တွေ ရှိနေသမျှကာလပတ်လုံး လူသားတွေအဖို့ ဖိနှိပ်ချုပ်ချယ်မှုတွေနဲ့ တွေ့ကြုံနေကြရ၊ လက်နက်ကပ်ဘေးဆိုးတွေအတွက် ကြိုတင်ပြင်ဆင်နေကြရဦးမှာပါပဲ။

ဗုံးတွေသေနတ်တွေသာ မရှိလျင် လူသားတွေအနေနဲ့ ဘယ်လောက်များ ငြိမ်းချမ်းလိုက်လေမလဲ။ လူ့ယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းခြင်းဆိုတာ အရေးကြီးတဲ့ အပြောင်းအလဲတစ်ခုပါ။ သိပ္ပံပညာတိုးတက်ထွန်းကားခြင်းက အမျိုးမျိုးသော စက်ယန္တရားတွေကို တီထွင်နိုင်ခဲ့တယ်။ နောက်ဆုံးမတော့ စက်ယန္တရားတွေက အစုအပြုံလိုက် လူကိုသတ်ဖြတ်နိုင်တဲ့ လူသတ်ကိရိယာတွေဖြစ်လာတယ်။ တချိန်ထဲမှာပဲ ငွေကြေးစုဆောင်းခြင်းဆိုတာကလဲ ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံတွေအနေနဲ့ ပိုမိုချမ်းသာနိုင်ရေးအတွက် အရေးကြီးတဲ့ တန်ဆာပလာတစ်ခုသာ ဖြစ်လာတယ်။

စီးပွားရေးအခြေခံတဲ့ ရည်မှန်းချက်ဟာ လူသားတစ်ယောက်အတွက်၊ နိုင်တစ်နိုင်ငံအတွက် ငွေရဖို့အတွက်ပဲ ဖြစ်လာတယ်။ ငွေကြေးကြွယ်ဝမှုဟာ အဓိကဖြစ်တယ်တယ်ဆိုတဲ့ ဒီလိုစဉ်းစားတွေးခေါ်မှုဟာ ခေတ်မီတိုးတက်မှုအရင်းခံကြောင့် ဖြစ်လာတာပါ။ ဒါပေမယ့် ဒီအချိန်ဟာ လူသားတွေ ရှင်သန်ရပ်တည်ရေးအတွက် အချင်းချင်း အပြန်ပြန်အလှန်လှန် စာနာခြင်းဆိုတာ ရှိကိုရှိရမည့် အချိန်ဖြစ်တယ်။

တရုတ်ပြည်ရဲ့ သံသယ၊ ဆိုဗီယက်ရဲ့သံသယ၊ အင်္ဂလန်ရဲ့သံသယ၊ ဂျပန်ရဲ့သံသယ၊ ကိုးရီးယားရဲ့ သံသယ။ အားလုံးက မယုံကြည်မှုတွေနဲ့ နေထိုင်ကြတယ်။ ဒီမယုံကြည်မှုတွေကပဲ လက်နက်ဆိုတာ မရှိမဖြစ်အရာလို့ မြင်လာတယ်။ ဒီမယုံကြည်မှုတွေကို ပြေလျော့စေဖို့ ဘာသာတရားဆိုင်ရာ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ကောင်းကင်၊ သမုဒ္ဒရာ ကမ္ဘာမြေကြီးနဲ့ ဘုရားသခင်ရဲ့ဂုဏ်သိက္ခာကို ယုံကြည်ဖို့ဆိုတာ ဒီဗုံးနဲ့ဒုံးဆိုတဲ့ လူသတ်လက်နက်တွေအပေါ်မှာ မှီခိုလို့ ရနိုင်လိမ့် မဟုတ်ပေဘူး။ သံသယတွေ မကင်းပဲနဲ့တော့ ဘယ်လိုမှ ဖြစ်နိုင်မယ် မဟုတ်ပါဘူး။ အချင်းချင်း သံသယကင်းမှုကသာ မှန်ကန်တဲ့အဖြေကို ပေးနိုင်မှာပါ။ အခြားသူတွေကို ကယ်တင်ဖို့၊ ကမ္ဘာမြေကြီး ငြိမ်းချမ်းစေဖို့၊ သင့်အတွက် ခံစားမှုသက်သက်ဆိုတာကို ပယ်ရှားဖို့၊ အခြားသူတွေရဲ့ ဘဝကို ရှင်သန်စေဖို့၊ စိတ်ဓာတ် ရေးရာဖွံ့ဖြိုးတိုးတက်ယဉ်ကျေးမှုကို ခက်ခဲပေမယ့် မဖြစ်မနေတည်ဆောက်ရလိမ့်မယ်။

အမေရိကန်နိုင်ငံရဲ့ ဒေသသားတွေဟာ ဥရောပကနေဝင်လာတဲ့သူတွေက သူတို့ကို မောင်းထုတ်ပစ်လိမ့်မယ်၊ ဖျက်ဆီးပစ်ကြလိမ့်မယ်လို့ ဘယ်လိုတွေးထင်ခဲ့ကြလိမ့်မလဲ။ သူတို့တွေဟာ ဝင်လာသူတွေအတွက်ပင်လျင် စာနာကြည့်နဲ့ သနားခဲ့ကြတယ်။ ဒေသသားတွေက ဝင်လာတဲ့ ဥရောပတိုက်သားတွေကို သူတို့ရဲ့ဧည့်သည်တွေအဖြစ် ထင်မှတ်ခဲ့ကြတယ်။ သဘာဝအတိုင်း နေထိုင်ကြတဲ့ ဒေသသားတွေ

က ငည့်သည်တွေကို ပျူပျူငှာငှာ ကြိုဆိုလက်ခံခဲ့ကြတယ်။ ဒီအခြေအနေတွေကပဲ သူတို့ကို ဖျက်ဆီးခဲ့တယ်။ ယနေ့အချိန်မှာတော့ သူတို့တွေရဲ့ ဘ၀ဟာ ချိန်းခြောက်ခံနေရတယ်။ အခြားသူတွေအပေါ် သံသယတွေမထားတတ်တဲ့ ဒီဒေသတိုင်းရင်းသား အမေရိကန်တွေဟာ သူတို့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဘ၀ ဖွံ့ဖြိုးမှုကို ဆက်လက်ရှင်သန်နေစေဖို့ သူတို့ရဲ့ဘ၀တွေနဲ့ စတေးခဲ့ကြတယ်။

လူသားမျိုးနွယ်စုတစ်ခုလုံးကို ဖျက်ဆီးနိုင်တဲ့ နျူကလီးယားပုံးတွေရဲ့ အန္တရာယ်ကို တားမြစ်ဖို့အတွက် တစ်စုံတစ်ဦးကတော့ အစတေးအနစ်နာခံကာ သက်သေပြရမယ့် အနေမျိုး ရှိကောင်းရှိနိုင်ပါတယ်။ ဒီအတွက် ဟီရိုးရှီးမားဟာ လုံလောက်တဲ့ သက်သေပြမှုပါ။ (နောက်ထပ်သက်သေပြစရာတစ်ခု ထပ်ပြီး မလိုနိုင်တော့ပါဘူး)။

ယေရှုခရစ်ဟာ ရောမရဲ့ နိုင်ငံရေးအာဏာပါဝါနဲ့ အလွန်မိုက်မဲသူတွေရဲ့ သက်သေအောက်မှာ အလွန်တရာ မနစ်သက်ဖွယ် ပြစ်ဒဏ်ကို ခါးသီးစွာ ခံခဲ့ရတယ်။ အာဏာနဲ့ အကြမ်းဖက်မှုဆိုတာ အခိုက်အတန့်အားဖြင့်တော့ အောင်ပွဲခံနိုင်ပါတယ်။ ဒါပေမယ့် ဘယ်သူတစ်ဦးတစ်ယောက်မှ သခင်ယေရှုကို လက်ဝါးကပ်တိုင်တင်ခဲ့တဲ့ ရောမရဲ့ အာဏာရှင်တွေကို ချီးမွမ်းစကားဆိုမယ် မဟုတ်ပါဘူး။ စိတ်ဓာတ်ရေးရာ ယဉ်ကျေးမှုကိုတည်ဆောက်ရာမှာ အခိုက်အတန့်အားဖြင့် စွန့်လွှန့်အနစ်နာခံရတာတွေ၊ ကံဆိုးခြင်းတွေကို တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် လူသားမျိုးနွယ်တွေကို စောင့်ရှောက်ကာကွယ်ဖို့ ဒီစွန့်လွှတ်အနစ်နာခံမှုကသာ မြင့်မြတ်တဲ့နေရာမှာရှိပြီး ထာ၀စဉ်လည်း ရှင်သန်ကာ ထင်ကျန်နေပေလိမ့်မယ်။

လူသားတွေအနေနဲ့ ဟီရိုးရှီးမားနဲ့ နဂါဆကီတို့ရဲ့ ပျက်စီးဆုံးရှုံးမှုမျိုးကို နှစ်သက်လိမ့်မယ် မဟုတ်ပေဘူး။ သူတို့အတွက် ပျော်ရွှင်ကျေနပ်မှုကိုလည်း ဖြစ်ပေလိမ့်မယ် မဟုတ်ပေဘူး။ ဒီလိုအဖြစ်အပျက်တွေကပဲ အဆုံးမတော့ လူသားတွေကို ကယ်တင်ပေးလိမ့်မယ်။ နောင်လာမယ့် သမိုင်းစာမျက်နှာမှာလည်း လူ့အသက်ပေါင်းများစွာကို သေစေနိုင်တဲ့ အနုမြူပုံးတွေသုံးကာ အောင်ပွဲခံခဲ့တဲ့သူတွေရဲ့ အောင်မြင်မှုများအတွက် ဘယ်လူသားတစ်ဦးတစ်ယောက်ကမှ ကျေနပ်ပျော်ရွှင်နေလိမ့်မယ် မဟုတ်ပေဘူး။ စိတ်ဓာတ်ရေးရာ ယဉ်ကျေးမှုရဲ့ စွမ်းအားကသာ အောင်မြင်မှုကိုဖြစ်စေလိမ့်မယ်။ စိတ်ဓာတ်ယဉ်ကျေးမှု၊ စိတ်ဓာတ်ဖွံ့ ဖြိုးတိုးတက်မှုကသာ ဘယ်သောအခါမှ ဟန့်တားပိတ်ပင်ဖျက်ဆီးလို့ မရနိုင် တဲ့ ထာ၀ရ အောင်မြင်ခြင်း မီးရှူးတန်ဆောင် အလင်းရောင်ဖြစ်ပေလိမ့်မယ်။ ။